
ဘာသာပြန် စာရေးဆရာ - Min Ko Aung
ဆေးသိဒ္ဓိရှင်
(လုံးချင်း)
(Chapter 1171 - 1185)
စာစဉ် - ၇၉

# ဗဟိုလွင်ပြင်ဒေသ၏ပါရမီရှင်များ (သို့မဟုတ်) ဗဟိုလွင်ပြင်ဒေသ ကလုံချန်

## Chapter (1171)

## ရှုပြည်ထောင်

ကျောက်စိမ်းပြားက ညွှန်ပြနေသော အရပ်မှာ မဟာရှု ပြည်ထောင် ဖြစ်သည်။ ဗဟိုလွင်ပြင်တွင် မရေမတွက်နိုင်အောင်များပြားသော ဂိုဏ်း များနှင့် သောင်းနှင့်ချီသော တာအိုအတွေးအခေါ်များ ပျံ့နှံ့၍ ရှိကြသည်။ သို့သော် အထူးအင်အားစုကြီး လေးခုဖြစ်သည့် ရှေးဟောင်းပြည်ထောင် ကြီးလေးခုလည်းရှိပေသည်။ မဟာရှုပြည်ထောင်၊ ဟန်ပြည်ထောင်၊ ကျိုး ပြည်ထောင်နှင့် ချူပြည်ထောင်တို့ ဖြစ်ကြသည်။ ဤပြည်ထောင်လေးခု သည် အင်မော်တယ်ခေတ်ကပင် တည်ရှိလာခဲ့ကြခြင်းဖြစ်သည်။ ကြီးကျယ် ခမ်းနားသော ပြည်ထောင်လေးခုကား ထုထည်ကြီးမားသော အုတ်မြစ်တို့ နှင့်အတူ တန်ခိုးကြီးသော ရတနာလက်နက်များက ၎င်းတို့၏ ကံ ကို ကာ ကွယ်ပေးထားကြသည်။ အရေးအကြီးဆုံးအချက်မှာ ပြည်ထောင်လေးခု သည် ကျယ်ပြန့်သော နယ်နိမိတ်များကို ထိန်းချုပ်ထားကြသည်။ သူတို့၏ လူဦးရေသည် များပြားပြီး ပေါများသော သဘာဝရင်းမြစ်များက ၎င်းတို့ကို မည်သည့်ဂိုဏ်းကြီးများမျှ မယှဉ်နိုင်အောင် ဖြစ်စေသည်။

ထို့ကြောင့် ဗဟိုလွင်ပြင်ကို ဂိုဏ်းများက လွှမ်းမိုးခြယ်လှယ်နေကြ သော်လည်း ပြည်ထောင်ကြီးလေးခုသည် ထီးထီးကြီး ရပ်တည်နေနိုင်ကြ ခြင်းဖြစ်သည်။ သူတို့သည် ဂိုဏ်းများနှင့် မတူပဲ အင်ပါရီယာကေရာဇ်၏

အုပ်ချုပ်မှုကို ဆက်လက်ထိန်းသိမ်းထားကြဆဲဖြစ်သည်။ ရှေးဟောင်းပြည်ထောင်ကြီးတစ်ခုစီသည် ထုထည်ကြီးမားသော အခြေခံအုတ်မြစ်ကို ပိုင်ဆိုင်ထားကြပြီး ရွှမ်ရှင်းတာအိုဂိုဏ်းကဲ့သို့ မဟာအင်အားကြီး ဂိုဏ်းကြီးများပင် ရန်စကျူးကျော်ဝံ့ခြင်း မရှိအောင် အင်အားကြီးမားကြပေသည်။ မဟာရှုပြည်ထောင်သည် ဗဟိုဒေသ၏ အရှေ့ပိုင်းတွင်တည်ရှိသည်။ သူတို့၏ နယ်မြေသည် အရှေ့မြေရိုင်းဒေသ၏ စီရင်စုဆယ်ခုကျော်ထက် ပို၍ကြီးမားသည်။ လုံချန်ရောက်နေသည့်နေရာမှာ ရှုပြည်ထောင်၏ အစွန်အဖျားတွင်ဖြစ်သည်။ နတ်ဆိုးမျိုးနွယ်သည် ရှုပြည်ထောင် မြို့တော်တွင် ခြေကုပ်ယူထားသည်ဟု ကျန်းဝမ်လုံက သူ့ကိုပြောထားသည်။

"ယွဲ့ရှောင်ချင်နဲ့များတွေ့မလား မသိဘူး..... ငါ သွားကြည့်ဦးမှ"

လုံချန်သည် ရှုပြည်ထောင်အတွင်းသို့ ပိုမိုနက်ရှိုင်းစွာ စတင်ဝင်ရောက်ခဲ့သည်။ သို့သော် တောင်ကြီးနှစ်ခုကိုဖြတ်ကျော်ပြီးနောက် သူသည် အလွန်အံ့အားသင့်သွားသည်။ သူ့ရှေ့၌ မျက်စိတစ်ဆုံး သွယ်တန်းလျှက်ရှိသော တောင်တန်းများနှင့် အလင်းလွှာကြီးတစ်ခုရှိနေသည်။ ယင်းက ကာကွယ်ရေးအစီအရင်ကြီးဖြစ်သည်။ ကာကွယ်ရေးအစီအရင်ကြီးမှာ ရင်သပ်ရှုမောစရာကောင်းသည်။ ၎င်းသည် ရှုပြည်ထောင်တစ်ခုလုံးကို ဖုံးလွှမ်းထားသလားဟု ထင်ရအောင် ကြီးမားကျယ်ပြန့်ပေသည်။ ထိုကဲ့သို့ အစီအရင်ကြီး နေ့စဉ်လည်ပတ်နိုင်စေရန် ရင်းမြစ်တို့ မည်မျှ ကုန်ကျမည်နည်း။

"ရှုပြည်ထောင်အတွင်းကို ဝင်လိုတဲ့ လူသစ်တွေအနေနဲ့ တံဆိပ်ပြားနဲ့ မှတ်ပုံတင်ရပါမယ်"

တောင်တန်း၏ အလွန်တွင် မြို့တံခါးကြီးတစ်ခုရှိပြီး မြို့ရိုးပေါ်၌ သိုင်းသမားတစ်ဦးရှိသည်။ ထိုသိုင်းသမားက လုံချန်ကိုမြင်လျှင် မြို့ရိုးပေါ်မှ လှမ်း

အော်ပြောသည်။ လုံချန် မင်တက်သွားသည်။

"တံခါးစောင့်တောင်မှ ဟိုင်ရှောင်အဆင့်ပါလား..... ရှပြည်ထောင်ရဲ့ အင်အားက ကြောက်ခမန်းလိလိပဲ"

"တံဆိပ်ပြားကို ပြပါ"

လုံချန် တံခါးဝသို့ ရောက်လာသည်။ တံခါးစောင့်က လုံချန် အခြေခံတည်ဆောက်ခြင်းအဆင့်သိုင်းသမားတစ်ဦးဖြစ်မှန်းသိသည့်အခါ အနည်းငယ်ပိုပြီး ယဉ်ကျေးသွားသည်။ လုံချန်က သူ၏ ရွှမ်ရှင်းတာအိုတံဆိပ်ပါ ကျောက်စိမ်းပြားကို ပေးသည်။တံခါးစောင့်က ကျောက်စိမ်းပြားကို ကျောက်ပြားတစ်ခုပေါ်တွင် ကပ်လိုက်သည်။ ကျောက်ပြားပေါ်တွင် ရွှမ်ရှင်းတာအိုဂိုဏ်း၏ ပင်မဂိုဏ်းသား လုံချန် ဟူသော စာသားများပေါ်လာသည်။ ကျောက်စိမ်းပြားကို ယခုလို သုံး၍ ရမှန်းလုံချန်မသိပေ။

"ဒါ့ကြောင့်လည်း အသက်ငယ်ငယ်နဲ့ အခြေခံတည်ဆောက်ခြင်းအဆင့်ကိုရောက်နေတာကိုး .... ရွှမ်ရှင်းတာအိုဂိုဏ်းက ပင်မ ဂိုဏ်းသားပါလား.... ကျွန်တော် ရိုင်းပြမိခဲ့ရင်ခွင့်လွှတ်ပါ"

တံခါးစောင့်၏ မျက်နှာတွင် အားကျသော အမူအရာများဖြစ်ပေါ်လာပြီး သတိအနေအထားနှင့် နေနေရာမှ စိတ်ချလက်ချ ဖြစ်သွားသည်။

"ရပါတယ်ဗျာ.... ကျုပ်လည်း ကံကောင်းလို့ ပင်မဂိုဏ်းသားဖြစ်တာပါ။ အဲ့ဒီလောက်မဟုတ်ပါဘူး"

"အကိုလုံ... မဟာရှကို လာတာက အပျော်ခရီးပဲလား.... အလုပ်ကိစ္စနဲ့လား" စကားပြော၍ကောင်းသည်ကိုသိသည့်အခါ အစောင့်က သူ့ကို မေးသည်။

မည်သို့ဖြစ်စေ လုံချန်မှာ အခြေခံတည်ဆောက်ခြင်းအဆင့်သိုင်းသမား

နှင့် ရွှမ်ရှင်းတာအိုဂိုဏ်း၏ ပင်မဂိုဏ်းသားဖြစ်သည်။ သူကဲ့သို့ နယ်ခြား စောင့် တာဝန်ထမ်းဆောင်နေသူတစ်ဦးအနေနှင့် လုံချန်ကဲ့သို့ သူမျိုးကို စကားပြောဖူးသည်ဟု မိတ်ဆွေများကိုပြန်ကြွားနိုင်သော် မိတ်ဆွေများ ကြား မျက်နှာပွင့်နိုင်သည်။

"ဂိုဏ်းက ကျင့်စဉ်တွေက ငြီးငွေ့ဖို့ကောင်းတယ်လေ..... ကျုပ်ရဲ့ တာအို နှလုံးသားက မတည်ငြိမ်သေးဘူးလို့ ကျုပ်ရဲ့ ခန်းဆောင်သခင်က ဆိုတယ်။ ပြီးတော့ သူက ကျုပ်ကို တာအိုနှလုံးသား တည်ငြိမ်စေဖို့ ခရီးလေးဘာလေး ထွက်ခိုင်းတယ်။ ရှပြည်ထောင်ဟာ အလွန်လှတဲ့ နာမည်ကျော်တောင်ကြီး ပေါင်းများစွာ၊ မြစ်ပေါင်းများစွာ၊ ရတနာပေါင်းများစွာ နဲ့ ရှပြည်ထောင် သားတွေကလည်း ဖော်ရွေပြီး သူရဲကောင်းဆန်ကြတယ် လို့ ကြားဖူးတယ်။ ရှပြည်ထောင်က ပြည်ထောင်လေးခုအနက်ထိပ်ဆုံးကရပ်တည်နေတာပဲ။ ဒ့ါကြောင့် ကျုပ် ခင်ဗျားတို့ မဟာရှပြည်ရဲ့ ယဉ်ကျေးမှုကိုလေးစားပါ တယ်။"

"အကိုလုံက နာမည်ကျော်ဂိုဏ်းကြီးတစ်ခုရဲ့ ပင်မဂိုဏ်းသားဖြစ်ထိုက်ပါ ပေတယ်။ အကိုလုံ့စကားတွေက အလွန်တန်ဖိုးရှိပါတယ်။ ရှပြည်ထောင် က ပြည်ထောင်ကြီးလေးခုအနက် ထိပ်တန်းပြည်ထောင်ကြီးတစ်ခုမို့လို့ အကိုလုံ ဒီကိုလာတာမှန်သွားတယ်။ ယဉ်ကျေးမှုကို မြတ်နိုးတဲ့အကိုလုံ အတွက် ဒီမှာ လေ့လာစရာ မရေမတွက်နိုင်တဲ့ သမိုင်းဝင်နေရာတွေရှိ တယ်။ ဒါက ကျုပ်တို့ရဲ့ အမွေအနှစ်ကို ကူးချပြီး သူတို့ဟာပါလို့ လုပ်တဲ့ အရှက်မရှိတဲ့ကောင်တွေနဲ့တော့မတူဘူးပေါ့။ ဒီကောင်တွေကတော့အရှက် ကမ်းကုန်နေတဲ့ကောင်တွေ"

တံခါးစောင့်မျက်နှာတွင် အထင်သေးသော ဟန်များအထင်သားပေါ်လွင် လာသည်။

"ဒီက နောင်ကြီးပြောနေတာက ဟန်ပြည်ထောင်အကြောင်းမှတ်တယ်" သူက အံ့အားသင့်ခြင်းနှင့်အတူ စူးစမ်းမိသည်။

ယခု တစ်ခါ အံ့အားသင့်ရသူက တံခါးစောင့်ဖြစ်သည်။

"ဒီကောင်တွေအရှက်မရှိတာကို အကိုလုံလည်း သိတာပဲလား"

လုံချန်က...

"ကျုပ် နည်းနည်းကြားဖူးတယ်ဝ"

သူ ထိုအကြောင်းကိုမကြားဖူးချေ။ သူသည် သူ့မိသားစုတစ်စုလုံးနှင့် ရှမ်ရှင်းတာအိုဂိုဏ်းကို အမြစ်ဖြတ်သုတ်သင်ပစ်မည်ဟု ဆိုသော ဟန်ပြည်ထောင်မှ ခွေးကောင်ကြီးကိုသာ ကိုယ်တိုင်ကိုယ်ကျ ကြုံဖူးထားသည်။

"အကို.... ဒီကညီလေးနဲ့ သောက်ဖို့အချိန်များမရဘူးဘူးလား.... တစ်ကယ်လို့ ပြဿနာမရှိရင် ဟန်ပြည်ထောင်အကြောင်း ကျုပ်ကို ပြောပြနိုင်မလား။ ဒီကောင်တွေအရှက်မဲ့တဲ့အကြောင်း ကျုပ်အလွန်သိချင်စိတ်ဖြစ်နေလို့ပါ"

လုံချန်ကပြောသည်။

"ဟဲဟဲ အကိုလုံ... ပြဿနာမရှိပါဘူး... ကျုပ် တာဝန်ထမ်းဆောင်တဲ့အလှည့်လည်းပြီးတော့မယ်ဆိုတော့ ကျုပ်နေရာမှာ အစားထိုးဖို့ လူလဲလိုက်ဦးမယ်။ ခဏစောင့်ပါဦး.... ကျုပ် အကိုလုံ့ကို ဝိုင်နဲ့ ဧည့်ခံပါရစေ"

အစောင့်က သူ့ဆီမှ ဟန်ပြည်ထောင်အပေါ် မနှစ်မြို့ကို ရိပ်မိပြီး ချက်ချင်း မိတ်ဆွေအဖြစ် ဆက်ဆံသည်။ တံခါးမှူးသည် သူ့နေရာကို ဝင်ရန် လက်အောက်ငယ်သားများအား တာဝန်ကျ တစ်ယောက်ကို ပို့ပေးဖို့ ပြောဆိုကာ သူနှင့်အတူ မြို့တွင်းသို့ ဝင်လာခဲ့ကြသည်။ သူတို့နှင့် မနီးမဝေးတွင် စားသောက်ဆိုင်တစ်ခုရှိသည်။ ယင်းက မြို့ငယ်လေးတစ်ခုဖြစ်သည်။ ယင်းကို မြို့တစ်မြို့ဖြစ် ဖော်ပြလျှင်ပင် ပိုပြီး တိကျမည်ထင်သည်။ မြို့ငယ်

လေး၏ အကျယ်မှာ ဆယ်မိုင်သာ ရှိသော်လည်း သာမာန်နယ်စပ်မြို့တစ်မြို့နှင့် မတူပေ။ သေးငယ်လင့်ကစား လူသူများဖြင့်စည်းကားလျက်ရှိသည်။ တစ်ကယ်တမ်းတွင် ဆန့်ကျင်ဘက်ပင်ဖြစ်နေသည်။ စစ်ဘေးစစ်ဒဏ် ခံခဲ့ရပုံမပေါ်။ ၎င်းသည် ရိုးစင်းပြီး ခမ်းနားထည်ဝါမှုရှိသည်။

တံခါးမှူး၏ အမည်မှာ ချီဟောင်ဖြစ်၍ သူသည် ဤဒေသ၏ အစောင့်တပ်မှူးများ မနက် တစ်ဦးဖြစ်ကြောင်း သိရသည်။

"အကိုလုံ ဒီဝိုင်ကဘယ်လိုနေလည်း" ချီဟောင်က သူ့ကို ဝိုင်တစ်ခွက်ကမ်းပေးသည်။

သူက....

"ဒီရနံ့က သိမ်မွေ့တယ်။ သိမ်မွေ့တယ်ဆိုပေမယ့် လေထဲမှာ အချိန်ကြာမြင့်စွာ ရှိနေပြန်တယ်။ ဒီဝိုင်ကိုဖောက်တဲ့ပညာရှင်ဟာ ဝိုင်ချက်လုပ်ခြင်းပညာရပ်မှာ အင်မတန်အဆင့်မြင့်တာပဲ.... ပါဝင်ပစ္စည်းတွေကို ရွေးချယ်တာကစပြီး ၊ ကစော်ဖောက်တာ၊ အခြောက်ခံတာ၊ သန့်စင်တာ စတဲ့အဆင့်တွေကို အသေးစိတ်လုပ်ထားတယ်။ တစ်ဆင့်ခြင်းကို အသေးစိတ်ထားတာ။ ဒီဝိုင်တစ်ခွက်နဲ့တင် မဟာရှယဉ်ကျေးမှုကို ခံစားမိစေတယ်။ အံ့အားသင့်စရာပဲ"

သူသည် စိတ်ရင်းမှန်ဖြင့် ချီးကျူးမိခြင်းဖြစ်သည်။ ဆေးပညာရှင်တစ်ဦးဖြစ်သည်နှင့်အညီ သူသည် ဝိုင်၏ အရသာကိုလျှာပေါ်တင်ကြည့်ရုံမျှဖြင့် ဝိုင်တွင်ပါဝင်သောအရာများကို ပြောနိုင်ရုံမက ပြုလုပ်သည့် ပညာကို၏ အတိမ်အနက်ကိုပါ ကောက်ချက်စွဲနိုင်သည်။ မဟာရှကို အစောပိုင်းက ချီးကျူးပြောဆိုခြင်းကမူ တွေ့ကရာ ပြောခဲ့ခြင်းသာဖြစ်သည်။ ဤကဲ့သို့ ကျေးလက်မြို့ကလေးတစ်မြို့တွင် သည်မျှကောင်းမွန်သော ဝိုင်မျိုးထုတ်လုပ်နိုင်သည်မှာ သူ့အား မယုံနိုင်အောင်ပင်ဖြစ်စေသည်။ ဤဝိုင်ထုတ်

ခြင်းပညာသည် ဆေးဖော်စပ်ခြင်းအောက် မလျှော့ပေ။

"ဟားဟားဟား.... အကိုလုံက တစ်ကယ်ကို အမြင်ရှိတဲ့သူပဲ.... ဒါ့ကြောင့် လည်းရှမ်ရှင်းတာအိုဂိုဏ်းရဲ့ ပင်မဂိုဏ်းသားဖြစ်တာကိုး" ချီဟောင်က သူ့ကို လက်မထောင်ပြသည်။

"အကိုချီဟောင် ကျုပ်သိချင်နေတာ တစ်ခုရှိတယ်"

"မေးပါ"

"ဒီဝိုင်ဒီလောက်ကောင်းနေတာက ပါဝင်ပစ္စည်းတွေကြောင့်မဟုတ်သလို ဝိုင်ဖောက်လုပ်ခြင်း ပညာကြောင့်လည်းမဟုတ်ဘူး.... ဒါက ဝိုင်လုပ်တဲ့သူကြောင့်ပဲ..... ဝိုင်လုပ်တဲ့သူဟာ ဝိုင်လုပ်စဉ်မှာ စိတ်ရောကိုယ်ပါ မြှုပ်နှံထားခဲ့ပုံရတယ်။ ဝိုင်ကို ကျုပ်သောက်တော့ ကျုပ်ခန္ဓာကိုယ်အနှံ့ကို ထူးစွမ်းတဲ့စွမ်းအင်တစ်ခု ပျံ့နှံ့သွားတာ ခံစားရတယ်။ ဒါကို ကျုပ် နားမလည်ဘူး"

ချီဟောင် အလွန်အံ့ဩသွားသည်။ ထို့နောက် သူ့ကို အံ့အားသင့်စွာငေးစိုက်ကြည့်နေလေ၏။

"အကိုလုံက တစ်ကယ့်လူပဲ.....ဒါကို အကိုလုံခံစားမိတယ်ဟုတ်လား"

လုံချန်လည်း အံ့အားသင့်သွားသည်။

"အကိုချီ ပြောနေတာ........ ဒါက အမွေအနှစ်တစ်မျိုးလား"

"ဟုတ်တယ်...... ဒီဝိုင်က အင်ပါရီယာမြို့တော်မှာ ကျုပ်အမှုတော်သွားထမ်းတုန်းက ဝိုင်နှစ်ကရားကို ဆုအဖြစ်ချီးမြှင့်ခြင်းခံခဲ့ရတယ်။ ပထမတစ်ကရားကို ကျုပ် မိတ်ဆွေတွေနဲ့ သောက်လိုက်တော့.... ဒုတိယ ကရားကိုတော့ နှမျောတာနဲ့ သိမ်းထားတာ။ အကိုလုံကို တွေ့တွေ့ချင်း ခင်လို့သာ ထုတ်တိုက်တာ။ ကျုပ်ပြောဦးမယ်။ ဒီဝိုင်ကို ထုတ်လုပ်သူတွေက ဝိုင်နတ်ဘုရား နန်းတော်က တပည့်တွေပဲ.... ငွေဘယ်လောက်ရှိရှိ ဈေးကွက်ထဲမှာ

ဝယ်လို့မရဘူး။ မဟာရှရဲ့ အထူးဧည့်သည်တော်တွေသာဒီဝိုင်ကို မြည်းစမ်းနိုင်တဲ့ အခွင့်အရေးရကြတာကလား"

ဝိုင်နတ်ဘုရား နန်းတော်အကြောင်း ပြောသည့်အခါ ချီဟောင်၏ မျက်နှာသည် ရိုသေလေးစားမှု အပြည့်နှင့်ဖြစ်သည်။

"ဟန်ပြည်ထောင်ထဲမှာ ဝိုင်နတ်ဘုရားရဲ့ အမွေရှိတယ်လို့ ဆိုလိုတာလား....ဝိုင်နတ်ဘုရားဆိုတာ တစ်ကယ်ကောရှိလို့လား" လုံချန်က မေးသည်။ သို့သော် သူ့စကားမှားသွားပြီဟု သိသည်နှင့် ဆက်၍....

"ကျုပ် အကိုချီကို မေးခွန်းထုတ်ဖို့ လုပ်နေတာမဟုတ်ပါဘူး...ဒါပေမယ့် အင်မော်တယ်တွေ နတ်ဘုရားတွေ ရှိတယ်ဆိုတာက ကျုပ်အဖို့ စိတ်ကူးကြည့်ဖို့ ခက်နေတယ်။ အကိုချီတို့ နတ်ဘုရားကို ရိုင်းပြတာ မဟုတ်ဘူးနော်"

နတ်ဘုရားများအား ယုံကြည်ခြင်းနှင့်ဆက်စပ်၍ ရံဖန်ရံခါ အသုံးနှုန်းသင့်သည့် အသုံးနှုန်းတစ်ခုသည် ကိုးကွယ်သူများအကြား သူသေကိုယ်သေ တိုက်ခိုက်ကြသည်ထိ ဖြစ်စေတတ်ပေသည်။ ဘာသာတရားကိုင်းရှိုင်းသော ကိုးကွယ်ယုံကြည်သူများသည်တစ်စုံတစ်ဦးက သူတို့၏ ဘုရားကို မေးခွန်းထုတ်ခြင်းသည် အကြီးအကျယ်စော်ကားခြင်းဖြစ်သည်ဟု မှတ်ယူကြသည်။

"မပူပါနဲ့..... ကျုပ်က ဝိုင်နတ်ဘုရားနန်းတော်ကမှ မဟုတ်တာ... အမှန်တော့ ဝိုင်နတ်ဘုရား ရှိမရှိဆိုတာကိုလည်း ကျုပ် မသိပါဘူး... အင်ပါရီယာ မြို့တော်ကိုသွားရင်တော့ လူတွေရှေ့မှာ ဒီစကားကိုမပြောမိစေနဲ့...... သူတို့ရဲ့ ယုံကြည်ချက်ကို သံသယဖြစ်တယ်ဆိုရင် အကြီးအကျယ်ဒေါသထွက်ကုန်ကြလိမ့်မယ်။ ဝိုင်နန်းတော်က တပည့်တွေက မျက်နှာတွေနီလာတဲ့ထိ ငြင်းခုံရတာမျိုးကိုမကြုံကြပေမယ့် သူတို့ဘုရားကို မေးခွန်းထုတ်မိရင်

သူတို့ထုတ်တဲ့ ဝိုင်ကို သောက်ရမှာမဟုတ်တော့ဘူး။ အကိုလုံ.... ကျုပ် က အဆင့်နိမ့်တစ်ယောက်ဆိုတော့ တပည့်တွေ လေ့ကျင်းရင်း ထုတ်လုပ်တဲ့ ဒီလိုဝိုင်မျိုးကိုပဲ ကျုပ် မြည်းစမ်းဖို့ တတ်နိုင်တယ်။ ဒီဝိုင်က ခေါင်းစဉ်တောင်မရှိတဲ့ အနိမ့်ဆုံးဝိုင်အမျိုးအစားပဲ.... အတွင်းစည်းတပည့်တွေနဲ့ ပင်မတပည့်တွေဟာ ...လူတစ်ယောက်ကို အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေနိုင်တဲ့ ဝိုင်မျိုး လုပ်တတ်ကြတယ်လို့ ကျုပ်ကြားဖူးတယ်"

"ဝိုင်နတ်ဘုရားနန်းတော်က တပည့်တွေက ယဉ်ကျေးဖော်ရွေကြတယ်..... များသောအားဖြင့် မလိုမုန်းထားခြင်းမရှိကြဘူး။ အကိုလုံသာ သွားစော်ကားတာမျိုးမလုပ်ရင် အဆင်ပြေတယ်။ နောက်ပြီး အကိုလုံ့ အနေအထားနဲ့ဆို မြို့တော်မှာရှိတဲ့အင်ပါရီယာ မင်းသား၊ မင်းသမီးတွေနဲ့ တွေ့ဆုံနိုင်တာပဲ။ အဲ့တာဆို ဝိုင်ကောင်းကောင်းလည်းရမယ်။ အဲ့ဒိအချိန်ကျရင်သာ ကျုပ်ကို မမေ့ပါနဲ့။ "

စကားအဆုံးတွင် ချီဟောင်၏ မျက်လုံးများသည် တဖျတ်ဖျတ်လက်လျှက်သွားရည်ကျမတတ်ပင်ရှိချေရာ လုံချန်သည် မပြုံးရမနေနိုင်အောင် ရှိလေတော့သည်။ လုံချန်သည် ချီဟောင်နှင့်အတူ ဝိုင်နှစ်ခွက် ဆက်သောက်သည်။ အတွေ့အကြုံ မရှိသေးသည့် တပည့်တစ်ဦးပြုလုပ်ထားခြင်းကြောင့် ဝိုင်တွင် လိုအပ်ချက်တို့ရှိသေးသည့်တိုင် အရသာမှာ ချို့ယွင်းချက်မရှိသလောက်ဖြစ်သည်။ သူ ရတ်တရက် တစ်စုံတစ်ခုကို တွေးမိသည်။

"ဝိုင်နတ်ဘုရားနန်းတော်က ဆေးဝိုင်တွေကော လုပ်လား"

***